
mgyoe.com SAMPLE BOOK

# ဟောလိဝုဒ်ကြယ်ပွင့်တို့နှင့် တွေ့ဆုံခြင်း ၊ စိုးသိကျ်း ၊

★★★★

**INTERVIEWS**
**ARTICLES**
**IMAGES**



mgyoe.com

mgyoe.com

SAMPLE BOOK

ဟောလီဝုဒ်ကြယ်ပွင့်တို့နှင့်
တွေ့ဆုံခြင်း ၊ မိုးသီလား ၊

Cover Design by Maung Day

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူ၏ အမှာ

ဒီစာအုပ်ဟာ အပျိုစင်မဂ္ဂဇင်းနဲ့ တခြားမဂ္ဂဇင်းတချို့မှာ ပုံနှိပ်ဖော်ပြခဲ့ပြီးသား ကမ္ဘာကျော် ဟောလိဝုဒ် ရုပ်ရှင် အနုပညာရှင်တွေရဲ့ အင်တာဗျူးနဲ့ ဆောင်းပါးတွေကို ပြန်စုစည်းထားတာ ဖြစ်ပါတယ်။ ဒီစာအုပ်ကို ထုတ်ဝေရတဲ့ ရည်ရွယ်ချက်ကတော့ အဲဒီမဂ္ဂဇင်းတွေမှာ လစဉ်ဖော်ပြပါရှိတုန်းက အကြောင်းကြောင်းကြောင့် မဖတ်ဖြစ်လိုက်တဲ့ စာဖတ်သူတွေရော ပြည်ပ ရုပ်ရှင်ဝါသနာအိုးတွေပါ တစ်ပေါင်း တစ်စည်းတည်း ဖတ်စေချင်လို့ရယ်၊ သူတို့ဆီက နာမည်ကျော် သရုပ်ဆောင်တွေကို ဂျာနယ်လစ်တွေက ဘယ်လိုမေးမြန်းလို့ ၎င်းတို့က ဘယ်လိုပြန်ဖြေကြသလဲ၊ အောင်မြင်မှုရဖို့ ၎င်းတို့ ဘယ်လို ကြိုးစားခဲ့ရသလဲဆိုတာတွေကို ဒီက သရုပ်ဆောင်ပညာ ဝါသနာပါသူတွေနဲ့ အနုပညာ အင်တာဗျူး/ ဆောင်းပါးတွေ ရေးသားနေတဲ့ မျိုးဆက်သစ် ဂျာနယ်လစ်တွေ လေ့လာမှတ်သား အတုယူစေချင်လို့ရယ် ဖြစ်ပါတယ်။ (သူတို့ဆီက အနုပညာရှင် အင်တာဗျူးဆိုတာ ဘာဟင်း ကြိုက်သလဲ၊ ဘယ်အရောင် အကြိုက်ဆုံးလဲလို့ မေးတာမျိုးတွေ မဟုတ်ဘူးဆိုတာလည်း တွေ့ကြရမှာပါ)

ဒီစာအုပ်ကို အပျော်ပဲဖတ်ဖတ်၊ လေ့လာတဲ့အနေနဲ့ပဲဖတ်ဖတ် ဖတ်ရှုသူအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောချင်ပါတယ်။

အားလုံးကို ခင်မင်လေးစားစွာဖြင့် ...
**စိုးသိဏ်း**

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၃၇၇

# ဟောလိဝုဒ် ကြယ်ပွင့်တို့နှင့် တွေ့ဆုံခြင်း

## စိုးသိကျော်း

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၅ ၄၈ ၄၈၀ ၄၈
e-mail: theeras2001@gmail.com

mgyoe.com

mgyoe.com
SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**
ဟောလီဝုဒ် ကြယ်ပွင့်တို့နှင့် တွေ့ဆုံခြင်း
စိုးသိဏ်း
ပထမအကြိမ်၊ အောက်တိုဘာ၊ ၂၀၁၉။
အုပ်ရေ – ၅၀၀
တန်ဖိုး – ၃၀၀၀ ကျပ်

**ထုတ်ဝေသူ** – ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** –ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက်၊ (၀၀၂၉၀) ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** မောင်ဒေး၊ **ကွန်ပျူတာစာစီ** သရဖီ၊ **စာအုပ်ချုပ်** ရွှေသမီး။ **မျက်နှာဖုံး** – မောင်ဒေး၊ **ကွန်ပျူတာစာစီ** – သရဖီ၊ **စာအုပ်ချုပ်** – ရွှေသမီး။

mgyoe.com

mgyoe.com SAMPLE BOOK


# မာတိကာ

| | |
|---|---|
| ၁။ ဟာဗီးယား ဘာဒဲမ်း | ၇ |
| ၂။ ဟော်လီဘယ်ရီ | ၁၄ |
| ၃။ ကိတ် ဘလန်းရှက် | ၂၂ |
| ၄။ နစ်ကိုလာ့စ် ကေ့ဂ် | ၃၀ |
| ၅။ ဘရက်ဒ်လီ ကူးပါး | ၃၈ |
| ၆။ ဂျွန် ကူးဆက်ခ် | ၄၂ |
| ၇။ ရောဘတ်ဒေါင်းနီ (ဂျူနီယာ) | ၅၁ |
| ၈။ ကောလင်း ဖာရဲလ် | ၅၆ |
| ၉။ ဒါကိုတာ ဂျွန်ဆင် | ၆၂ |
| ၁၀။ အင်ဂျလီနာ ဂျိုလီ | ၆၈ |
| ၁၁။ ယူဝမ်း မက်ဂရီဂါ | ၇၃ |
| ၁၂။ ဂိုင်း ပီးယာ့စ် | ၈၁ |
| ၁၃။ အက်ဒီ ရက်မိန်း | ၈၉ |
| ၁၄။ ဂျေဆင် စတက်ဟမ် | ၉၄ |
| ၁၅။ ရေချယ်လ်ဗိုက်ဇ် | ၁၀၀ |

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com



# ဟာဗီးယား ဘာဒဲမ်း
# Javier Bardem



စပိန်နိုင်ငံဖွား ရုပ်ရှင်မင်းသား ဟာဗီးယား ဘာဒဲမ်း (Javier Bardem) ဟာ သူ့ဇနီး ရုပ်ရှင်မင်းသမီး ပင်နဲလိုပီခရုဇ်၊ သူတို့ရဲ့ ကလေး နှစ်ယောက်နှင့်အတူ နေထိုင်ရာ စပိန်နိုင်ငံ၊ မက်ဒရစ်မြို့သို့ ပြန်ရောက်နေပြီး စိတ်ရောကိုယ်ပါ ကျန်းမာ ချမ်းသာနေပါတယ်။

သူဟာ ရှောင်ပင်းန်၊ အီးဒရစ္စအယ်လ်ဘာ၊ ရေး ဝင်းစတုန်းတို့နှင့်အတူ အက်ရှင်ဇာတ်ကားသစ် The Gunman ကို ရိုက်ကူးလျက် ရှိပြီး ဒါရိုက်တာ ဂျေ၊ ဒီ၊ ချန်ဒေါ်ရ်ရဲ့ လှူို့ဝှက်သည်းဖိုဇာတ်ကား A Most Violent Year မှာ သရုပ်ဆောင်ဖို့လည်း လက်ခံထားပါတယ်။

ဟာဗီးယားဟာ အနုပညာ အသားပေး ဥရောပ ဇာတ်ကားတွေမှာ သရုပ်ဆောင်ရင်း

mg...om

mgyoe.com SAMPLE BOOK

နာမည်ရခဲ့ပြီးတော့ ဟောလီဝုဒ် ရုပ်ပါ သရုပ်ဆောင် စာရင်းထဲကို အောင်မြင်စွာ ရောက်ရှိလာခဲ့ပါတယ်။

Before Night Falls ဇာတ်ကားမှာ လိင်တူဆက်ဆံခဲ့တဲ့ ကျူးဘားနိုင်ငံသား ကဗျာဆရာ ရီနာဒိုလ် အရီးနားစ်အဖြစ် အင်္ဂလိပ်စကား ပြောပြီး ပွဲဦးထွက် သရုပ်ဆောင်တဲ့အခါ သူဟာ အော်စကာဆု လျာထားခံခဲ့ရပါတယ်။ အဲဒီနောက်ပိုင်း No Country For Old Men, Vicky Cristina Barcelona နှင့် To The Wander တို့လို တန်းမြင့် ဟောလီဝုဒ်ကားတွေနဲ့ The Sea Inside, Biutiful တို့လို စပိန်ဇာတ်ကားတွေမှာ ဆက်လက် သရုပ်ဆောင်ခဲ့ပါတယ်။

သူဟာ No Country မှာ ကြေးစား လူသတ်ကောင် အင်တွန်းအဖြစ် သရုပ်ဆောင်ခြင်းအတွက် ဇာတ်ပို့အော်စကာဆု ဆွတ်ခူးခဲ့ပြီး BAFTA ဆု၊ ရွှေကမ္ဘာလုံးဆု၊ ကဲန်းစ် ရုပ်ရှင်ပွဲတော်၊ ဗင်းနစ္စ ရုပ်ရှင်ပွဲတွေမှာလည်း ဆုတွေ ရခဲ့ပါတယ်။

ပင်နဲလိုပီ အသက် ၁၈ နှစ်အရွယ်က ပွဲဦးထွက် သရုပ်ဆောင်ခဲ့တဲ့ စပိန်ဇာတ်ကား Jamon Jamon မှာ အတွင်းခံဘောင်းဘီ ကြော်ငြာ မော်ဒယ်လ်အဖြစ် သရုပ်ဆောင်ရင်း နိုင်ငံတကာ ပရိသတ်တွေ မျက်စိကျခဲ့တဲ့ မင်းသားတစ်ဦး အဖို့ အခြေအနေကောင်းတယ်လို့ ပြောရမှာပါ။

ဟာဗီးယားဟာ အဲဒီလို အရှိန်ရပြီးတဲ့နောက် ဂျိမ်းစ်ဘွန်းဇာတ်ကား Skyfall (၂၀၁၂) မှာတော့ လူဆိုးကြီး ဆေးလ်ဗားအဖြစ် သရုပ်ဆောင်တဲ့အခါ ပိုပြီး ကျော်ကြားလာခဲ့ပါတယ်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလက နိုင်ငံတကာမှာ ရုံတင်ခဲ့တဲ့ ဇာတ်ကားသစ် The Counsellor



mgyoe.com

mgyoe.com SAMPLE BOOK

မှာတော့ ဟာဗီးယားဟာ မိုက်ကယ် ဖာ့စ်ဘင်းဒါး၊ ဘရက်ပစ်တ်၊ ကင်မရွန်းဒီးယာ့စ်၊ ပင်နဲလိုပီ ခရုဇ် စတဲ့ စူပါမင်းသား၊ မင်းသမီးတွေနှင့် တွဲဖက်ကာ တက္ကဆပ်ပြည်နယ်နှင့် မက္ကဆီကိုနယ်စပ်က ဘိန်းဘုရင် ရိန်းနားဆိုသူအဖြစ် ပီပြင်စွာ သရုပ်ဆောင်ထားပါတယ်။

အဲဒီဇာတ်ကားရဲ့ ဒါရိုက်တာက Alien, Prometheus နှင့် Gladiator စတဲ့ ကမ္ဘာကျော်ဇာတ်ကားတွေကို ရိုက်ခဲ့တဲ့ ဒါရိုက်တာကြီး ရစ်ဒလီစကော့ ဖြစ်ပါတယ်။

ဟာဗီးယားကို ဗြိတိသျှ ရုပ်ရှင် မဂ္ဂဇင်း Total Film မှာ ဆောင်းပါးရှင် ဂျေပီ ဂရေဟမ်က တွေ့ဆုံ မေးမြန်းထားပုံကို ကောက်နုတ် ဖော်ပြလိုက်ပါတယ်။

■

**မေး** ခင်ဗျားအတွက် The Counsellor ရဲ့ ဆွဲဆောင်မှုက ဘာလဲ။ ခင်ဗျားရဲ့ ဇာတ်ရုပ်လား၊ ရစ်ဒလီစကော့နှင့် လက်တွဲခွင့်ရလို့လား၊ ဒါမှမဟုတ် စူပါမင်းသား၊ မင်းသမီးတွေ ပါလို့လား။

**ဖြေ** ခင်ဗျား ပြောတာ အားလုံး မှန်ပါတယ်။ ဒါပေမဲ့ အမှန်တကယ် အဆင်ပြေဖို့က ဇာတ်ညွှန်းပဲ။ ဒီဇာတ်ညွှန်းကို ဖတ်ပြီး ကျွန်တော် လုံးဝ ကြိုက်သွားတယ်။ သရုပ်ဆောင်တစ်ယောက် အလုပ်လုပ်ဖို့ သိပ်ကောင်းတဲ့ ဇာတ်တစ်ပုဒ် ဖြစ်နေတယ်။

**မေး** The Counsellor ရဲ့ ဇာတ်ညွှန်းဆရာ၊ စာရေးဆရာ ကော်မက် မက်ကာသီနှင့် ခင်ဗျား ပထမဆုံးအကြိမ် ဘယ်တုန်းက တွေ့ခဲ့သလဲ။

**ဖြေ** သူ့ဝတ္ထုကို မှီငြမ်း အသက်သွင်းတဲ့ No Country ရိုက်တုန်းက တစ်ညနေခင်းမှာ



စတွေ့ခဲ့တာဗျ။ The Counsellor ကတော့ သူ့ရဲ့ ပထမဆုံး ဇာတ်ညွှန်းပေါ့။ သူ့မှာ သဗ္ဗာရှိန် ရှိတယ်။ သူက စကားပြောကောင်းပေမဲ့ စကားသိပ်မပြောဘူး။ သူ့ကို ကျွန်တော် ဘာမှ မမေးဘူး။ သူက ကျွန်တော့်ဆီ ချဉ်းကပ်ပြီး 'ခင်ဗျားဆံပင်ပုံစံ သိပ်မိုက်တာပဲ'လို့ ပြောသွားတော့ ကျွန်တော် အတော့်ကို စိတ်မလုံမလဲ ဖြစ်မိတယ်။

**မေး** The Counsellor ဟာ သမားရိုးကျ လျှို့ဝှက် သည်းဖို ဇာတ်ကားတစ်ကား မဟုတ်ဘူး။ ဇာတ်ကောင်စရိုက် စူးစမ်းလေ့လာမှု ဖြစ်တယ်။ ဒဿန ဆန်တယ်။ ဇာတ်လမ်းဇာတ်ကွက် သိပ်ဇောင်းမပေးဘဲ ကြမ်းတမ်းပြီး သနားစရာ မကောင်းတဲ့ လောကတစ်ခုကို ရိုက်ပြထားတယ်။

**ဖြေ** (ရယ်၍) မှန်ပါ့ဗျာ။ No Country နဲ့ ဒီကား ကြားမှာ အချိတ်အဆက်ကလေး ရှိတယ်။ တူသောအကျိုး ပေးတတ်တဲ့သဘောကို အသိပေးထားတယ်။ No Country မှာ သူများ

mgyoe.com

mgyoe.com SAMPLE BOOK



ငွေထုပ် ခိုးတဲ့ မင်းသား ဂျော့ရှ်ဘရိုလင်၊ Counsellor မှာ ကိုယ်နှင့်မဆိုင်တဲ့ကိစ္စ ဝင်ရှုပ်တဲ့ မိုက်ကယ် ဖာ့စ်ဘင်ဒါးတို့ဟာ အဲဒါကို နမူနာ ပြကြတယ်။

**မေး** ခင်ဗျားဇာတ်ရုပ်က အဟန့်ကောင်းတယ်။ သူ့ ဝတ်စားပုံ၊ စကားပြောပုံ၊ လှုပ်ရှားပုံ၊ သူ့ဆံပင်ပုံစံ အားလုံးက ထူးခြားနေတယ်။

**ဖြေ** ရိန်းနားက တလွဲလုပ်တဲ့ နိုက်ကလပ်က ငနဲဗျ။ နောက်ပြီး သူဟာ သားကောင်လည်း ဖြစ်တယ်။ 'ကျုပ် မသိဘူး။ ကျုပ် မသိဘူး'လို့ သူက ရုပ်ရှင်ထဲမှာ ပြောတယ်။ ဒီစကားမျိုး ပြောတဲ့ ငနဲဟာ သူ့ကိုယ်သူ မိုက်တယ်ထင်လို့ သူများကို သိပ်အာရုံမစိုက်တတ်ဘူး။ အဲဒါ ကြောက်စိတ်ပဲ။ သူက ဘယ်ဟာမဆို ရင်ဆိုင် ရဲတယ်။ အထူးသဖြင့် မိန်းမတွေပေါ့။

**မေး** ဆံပင် စတိုင်လ်တွေက ခင်ဗျားအတွက် အတော် အရေးပါပုံရတယ်နော်။

**ဖြေ** ကျွန်တော် တမင်ရည်ရွယ်ပြီး လုပ်တယ် ထင်ရလို့ အဲဒါ ရယ်စရာကောင်းတယ်။ No Country မရိုက်ခင်က ကျွန်တော် ၁၈ နှစ် အတွင်း ဆံပင်ပုံစံ တစ်မျိုးစီရှိတဲ့ ဇာတ်ရုပ်တွေ သရုပ်ဆောင်ခဲ့ပါတယ်။ လူတစ်ယောက်အတွက် ကိုယ်လက် အမူအရာတွေ၊ မျက်နှာကဲတွေ အရေး ပါသလောက်ကို သူ့ရဲ့ဆံပင်ပုံစံကလည်း အရေး ပါပါတယ်။

**မေး** Moonraker ဟာ ခင်ဗျား ပထမဆုံး ကြည့်ခဲ့ရတဲ့ ဂျိမ်းစ်ဘွန်းဇာတ်ကားဖြစ်ပြီး အဲဒီ ဇာတ်ကားထဲက လူဆိုးကြီး ဂျော့စ်ကို ခင်ဗျား သိပ်စိတ်ဝင်စားခဲ့တယ်။ Skyfall ထဲက ခင်ဗျား ဇာတ်ရုပ် ဆေးလ်ဗားနဲ့ သူ့ကို ယှဉ်လို့ရသလား။

**ဖြေ** Skyfall အတွက် ကျွန်တော် အများကြီး ဂုဏ်ယူပါတယ်။ သိပ်ကောင်းတဲ့ ဇာတ်ကား တစ်ကားလို့ ထင်ပါတယ်။ လန်ဒန်မှာ The Counsellor ဇာတ်ကား ကျွန်တော် ရိုက်ကူးနေ တုန်း Skyfall ရဲ့ ဒါရိုက်တာ ဆမ်မင်းဒီးစ်က ကျွန်တော့်ကို ပိုင်းဝုဒ် ရုပ်ရှင်ခန်းကြီးထဲက ရုပ်ရှင် ရုံကြီးထဲမှာကျွန်တော်တို့ လင်မယား နှစ်ယောက် တည်း ဂျိမ်းစ်ဘွန်းဇာတ်ကား ထိုင်ကြည့်စေတယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရတော့ ကျွန်တော် စိတ်လှုပ်ရှားတယ်။ အဲဒီဇာတ်ကားကို ကျွန်တော် ကြိုက်သွားတယ်။ 'ဒီဇာတ်ကားဟာ သိပ်ကောင်း တဲ့ ဘွန်း ဇာတ်ကားတစ်ကားသက်သက် မဟုတ် ဘူး။ သိပ်ကောင်းတဲ့ ရုပ်ရှင်ကားပါ'လို့ ဆမ့်ဆီ ကျွန်တော် ဖုန်းဆက်ပြောတယ်။

**မေး** လူကြမ်းအဖြစ် ခင်ဗျား သရုပ်ဆောင်တဲ့ အခါ အဲဒီဇာတ်ရုပ်ကို တစ်မျိုးတစ်ပုံစံ မြင် သလား။

**ဖြေ** သရုပ်ဆောင်တစ်ဦးအနေနှင့် လူကြမ်း ဆို တာကြီးကို ကျော်လွှန်ပြီး သဘောပေါက်ဖို့က

mgyoe.com

mgyoe.com SAMPLE BOOK

စိန့်ခေါ်မှု ဖြစ်တယ်။ အဲဒါ တစ်ခါတလေ မင်းသားကြီး ဘရူနိုဂန့်ဇ်က ဟစ်တလာအဖြစ် သရုပ်ဆောင်ထားတာ သိပ်ပြောင်မြောက်တယ်။ သူ သေသေချာချာ သုတေသနလုပ်ပြီးမှ သရုပ်ဆောင်လို့ ဖြစ်မယ်။ သရုပ်ဆောင်တွေဟာ ကျွန်တော်တို့ ဇာတ်ရုပ်တွေရဲ့ ရှေ့နေတွေ ဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် သူတို့ဘက်က ကျွန်တော်တို့ ခုခံချေပရမယ်။

**မေး** No Country ဇာတ်ကားနောက်ပိုင်း ဟောလိဝုဒ် ဇာတ်ကားတွေမှာ လူကြမ်းလုပ်ဖို့ ကမ်းလှမ်းချက် အများကြီး ရရှိခဲ့သလား။

**ဖြေ** ရှိတာပေါ့ဗျ။ ကျွန်တော့်ကို ကပ်ဖို့ တံဆိပ်တစ်ခုခု အမြဲ ရှိတယ်။ လူဆိုးကြီး၊ လက်တင် အမေရိကန် ချစ်သူ၊ ဗလမောင်ကြီး စသဖြင့်ပေါ့။ အဲဒါကို ကျွန်တော် ဘယ်လိုလုပ် ရှောင်ပြေးရမလဲ။ ဂျိမ်းစ်ဘွန်းဇာတ်ကားထဲမှာ လူကြမ်းအဖြစ် သရုပ်ဆောင်တာထက် လူကြမ်းလုပ်ပြစရာ ပိုရှိဦးမှာလား။

**မေး** ခင်ဗျားဟာ အော်စကာဆု သုံးကြိမ် လျာထားခံရပြီး တစ်ဆုတော့ ရခဲ့ပြီးပြီ။ အော်စကာဆုဟာ ခင်ဗျားအတွက် ဘယ်လိုအဓိပ္ပာယ်ရှိသလဲ။

**ဖြေ** ၂၀၁၁ ခုနှစ်က Before Night Falls ဇာတ်ကားအတွက် ကျွန်တော် အော်စကာဆု လျာထားခံရကြောင်း တီဗီက ကြေညာပုံကို ကျွန်တော် အိမ်မှာ သူငယ်ချင်းနှင့်အတူ ကြည့်ရတယ်။ ကျွန်တော် အံ့သြ တုန်လှုပ်သွားတယ်။ 'ဒါ မဖြစ်နိုင်ဘူး၊ မဟုတ်နိုင်ဘူး။ ဒါ တကယ်လား' လို့ ကျွန်တော် ပြောမိတယ်။ ကျွန်တော် အော်စကာဆု တကယ်ရတော့ အဲဒီ 'တကယ်လား' က အဆပေါင်း တစ်ထောင် ဖြစ်သွားတယ်။ အော်စကာဆုရတာ သိပ်ဂုဏ်ရှိပါတယ်။ သူငယ်ချင်းတွေနှင့် အရက်သောက်ရင်း အောင်ပွဲခံဖို့ အခွင့်အရေးပဲ။

**မေး** BAFTA ဆု၊ Goya ဆုတွေ၊ ဗင်းနစ္စနှင့် ကဲန်းစ်ပွဲတော်က ဆုတွေလည်း ခင်ဗျား ရရှိခဲ့တယ်။ အဲဒီဆုတွေက ခင်ဗျားကို အရည်အသွေး ပြည့်ဝတဲ့ ဇာတ်ရုပ်တွေ သရုပ်ဆောင်



mgyoe.com SAMPLE BOOK



ခွင့်ရဖို့ အထောက်အကူပြုသလား။

**ဖြေ** အဲဒီဆု တစ်ဆုချင်းစီဟာ အရေးကြီးပါတယ်။ သူတို့က ကျွန်တော့်ကို အလုပ် ပိုကြိုးစားဖြစ်အောင် တိုက်တွန်းတယ်။ ဆုရတဲ့ ရုပ်ရှင်ကိုလည်း ပရိသတ် ကြည့်ချင်စိတ် ပေါက်စေတယ်။

**မေး** တန်းမြင့် ဟောလိဝုဒ်ဇာတ်ကားကြီး တစ်ကားမှာ သရုပ်ဆောင်ရတာနဲ့ စရိတ်နည်းတဲ့ စပိန်ဇာတ်ကား တစ်ကားမှာ သရုပ်ဆောင်ရတာ အတွေ့အကြုံချင်း ဘာကွာသလဲ။

**ဖြေ** Eat Pray Love နဲ့ Skyfall ဇာတ်ကားတွေကို ကျွန်တော် ရိုက်ကူးတယ်။ Collateral ဇာတ်ကားမှာတော့ ကျွန်တော့်အခန်း နည်းတယ်။ ညဘက်မှာ ၆ နာရီအတွင်း စပြီး ရိုက်ရတာ။ ကျွန်တော့်အတွက်တော့ သိပ်မကွာပါဘူး။ အားလုံး အတူတူပဲ။ ရှုတင် ရောက်သွားတဲ့အခါ ဒါရိုက်တာက 'အက်ရှင်'လို့ ပြောရင် အမူအရာလုပ်ပြ၊ 'ကတ်'လို့ အော်ရင် ရပ်လိုက်ရုံပဲ။

**မေး** Vicky Cristina ဇာတ်ကားမှာ ခင်ဗျားက စကား ပြော သိပ် ညက် တာ ပဲ။ ဒါပေမဲ့ အင်္ဂလိပ်စကားပြော ဇာတ်ကားတွေမှာ သရုပ်ဆောင်ရတာ ခင်ဗျားအတွက် ခက်ခဲသလား။ Before Night Falls ဇာတ်ကားထဲက ခင်ဗျားရဲ့ သရုပ်ဆောင်မှု လက္ခဏာသွင်ပြင်တွေကို စိတ်ပျက်မိသလား။

**ဖြေ** ကျွန်တော် အခု ပိုပြီး သက်သောင့်သက်သာ ရှိနေပါတယ်။ Vicky ဇာတ်ကား မရိုက်ခင်က ကျွန်တော် နှစ်လလောက် ကြိုတင် ပြင်ဆင်ရတယ်။ ကျွန်တော် သရုပ်ဆောင်နိုင်မယ်ဆိုတဲ့ ယုံကြည်မှုကို မွေးယူရတယ်။ အင်္ဂလိပ်စကားပြောရာမှာ သက်သောင့်သက်သာဖြစ်ဖို့ လိုတယ်။ ကျွန်တော် မနားတမ်း လေ့ကျင့်ရတယ်။ အဆင်မပြေခင်အထိတော့ ငြီးငွေ့စရာ ကောင်းတယ်။ အခုတော့ ကျွန်တော် အင်္ဂလိပ်စကား ပြောရတာ

mgyoe.com

mgyoe.com SAMPLE BOOK

သက်သောင့်သက်သာ ရှိပါတယ်။

**မေး** ခင်ဗျားက အင်္ဂလိပ်စကားပြော ဇာတ်ကား နည်းနည်းလေးပဲ ရိုက်ဖူးတော့ ဂူဒီအယ်လင်၊ တဲရင့်စ်မလစ်ခ်၊ ဂျိုဝယ်နှင့် အီသန်ကိုအင်၊ ရစ်ဒလီ စကော့နှင့် ဆမ်မင့်ဒီးစ် စတဲ့ ထိတ်ထိတ်ကြဲ ဒါရိုက်တာကြီးတွေနှင့် လက်တွဲခဲ့ရတယ်။ ဒါရိုက်တာဟာ ခင်ဗျားအတွက် အရေးအကြီးဆုံး အစိတ်အပိုင်း တစ်ခုလား။

**ဖြေ** သူတို့က အဲဒီဇာတ်ကားတွေ ကျွန်တော့်ကို ကမ်းလှမ်းလို့ ရိုက်ဖြစ်သွားတာပါ။ ကျွန်တော်က ဇာတ်လမ်းအကြောင်းအရာကို ပိုပြီး ရူးသွပ်ပါတယ်။

**မေး** အတိတ်ကို ပြန်ကြည့်တဲ့အခါ ပရိသတ်၊ ဒါမှမဟုတ် ရသင့်ရထိုက်တဲ့ လေးစားမှု မရရှိဘူးလို့ ခင်ဗျား ထင်မှတ်တဲ့ ဇာတ်ကားတွေ ရှိမလား။ အခုကျမှ ခင်ဗျား နောင်တရမိတဲ့ ဇာတ်ကားတွေရော ရှိသလား။

**ဖြေ** သိပ်ရှိတာပေါ့။ ကျွန်တော် မရိုက်ချင်တဲ့ ဇာတ်ကားတွေက အများကြီးပဲ (ရယ်လျက်)။ ဒါပေမဲ့ သူများ ထိခိုက်မှာစိုးလို့ နာမည်တော့ မပြောပါရစေနှင့်။ အရေးကြီးတဲ့ အချက်က ကျွန်တော် ရိုက်ကူးတာက အဲဒီဇာတ်ကားကို ကျွန်တော် ယုံကြည်လို့ပါ။ တစ်ခါတလေကျတော့ ကျွန်တော် တလွဲလုပ်မိတယ်။ ဥပမာ Eat Pray Love ဆိုရင် တခြား အကြောင်းတွေကြောင့် ရိုက်ကူးတာ။ တချို့က ရုပ်ရှင်နှင့် မဆိုင်တဲ့ အကြောင်းတွေ ဖြစ်တယ်။ အဲဒီတုန်းက Buitiful ရိုက်ပြီးခါစဖြစ်တော့ ဂျူလီယာရောဘတ်စ်နှင့် ဘာလီကျွန်းမှာ လှေအတူစီးရမှာမို့ Eat Pray ကို လက်ခံခဲ့တာ။ 'ကျွန်တော် ပြန်လာပြီ'လို့ ပြောဖို့ အဲဒီဇာတ်ကားကို လိုအပ်တယ်။ အဲဒီဇာတ်ကားမှာ ကျွန်တော် အကောင်းဆုံး လုပ်ခဲ့တယ်။ အမြဲတမ်းလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားနေပါတယ်။

*အပျိုစင် မဂ္ဂဇင်း*
*ဇန်နဝါရီ၊ ၂၀၁၄။*

## ဟာဗီးယားဘာဒဲမ်းရဲ့အထင်ရှားဆုံးဇာတ်ကား ၅ ကား





**Buitiful (2010)**

အိမ်ထောင်ရေး အဆင်မပြေတဲ့ မိသားစုတွေ၊ ခိုးဝင် အခြေချတဲ့ နိုင်ငံခြားသားတွေ၊ နာတာရှည်ရောဂါနှင့် စိတ်ဆင်းရဲမှုတွေ ပါဝင်တဲ့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါတယ်။ ဟာဗီးယားရဲ့ ပုဂ္ဂိုလ်ရေး အဆန်ဆုံးဇာတ်ကား ဖြစ်တယ်။ (ဒါရိုက်တာက 21 Grams နှင့် Babel ရိုက်ခဲ့တဲ့ မက္ကဆီကို နိုင်ငံဖွား အလီဟာန်ဒရို ဂွန်ဇာလက်ဇ် အင်နာရီးတူးပါ)

mgyoe.com

mgyoe.com SAMPLE BOOK





## Jamon, Jamon (1992)

ရုပ်ရှင်မျိုးရိုးရှိတဲ့ ဟာဗီးယားဟာ ပန်းချီဆရာ ဖြစ်ချင်ပေမဲ့ အသက် ၂၀ ကျော်အရွယ်မှာ ရုပ်ရှင်လောကထဲ ဝင်ခဲ့တယ်။ ဒါရိုက်တာ ဘီးဂါ့စ်လူးနားရဲ့ ဒီဇာတ်ကားမှာ ပင်နဲလိုပီခရုဇ်က စက်ရုံအလုပ်သမလေးအဖြစ် သရုပ်ဆောင်ပြီး ဟာဗီးယားက အတွင်းခံ ဆောင်းဘီ ကြော်ငြာမော်ဒယ်လ်အဖြစ် သရုပ်ဆောင်တယ်။

## No Country For Old Men (2007)

ဟောလိဝုဒ် ဇာတ်ကား Collateral မှာ ပွဲဦးထွက် မထင်မရှား ပါဝင်ပြီးတော့ ဂျိုဝယ်နှင့် အီသန်ကိုဆင် ဒါရိုက်တာ ညီနောင်က ဒီဇာတ်ကားမှာ ဟာဗီးယားကို ကြေးစားလူသတ်ကောင်အဖြစ် သရုပ်ဆောင် ခိုင်းရာ ဇာတ်ပို့ အော်စကာဆု ရခဲ့တယ်။







## Vicky Cristina Barcelona (2008)


'ကျွန်တော်က စပိန်နိုင်ငံက လာတဲ့လူဆိုတော့ ဂူဒီအယ်လင် ဇာတ်ကားမှာ ပါဝင်ဖို့ စိတ်မကူးရဲပါဘူး။ ပေရှည်တဲ့ ဇာတ်ဝင်ခန်းတွေနှင့် စကားလုံးတွေ ပါတော့ ကျွန်တော် ကြောက်တယ်' လို့ ဟာဗီးယားက ပြောပါတယ်။ သူ့ဇာတ်ကောင်က စိတ်ထိခိုက်နေတဲ့ ပန်းချီဆရာတစ်ဦးဖြစ်ပြီး တွဲဖက်မင်းသမီး ပင်နဲလိုပီခရုဇ်က ဇာတ်ပို့အော်စကာဆု ရရှိပါတယ်။




## Skyfall (2012)

ငွေရောင်ဆံပင်ရှိတဲ့ လူဆိုးကြီး 'ဆေးလ်ဗား'အဖြစ် ဟာဗီးယား သရုပ်ဆောင်ပုံက ယခင် ဘွန်း လူဆိုးတွေဖြစ်တဲ့ ဂိုးလ်ဖင်းဂါးနှင့် ဘလိုးဖဲလ်တို့ကို သင်ခန်းစာ ပေးလိုက်သလိုပေါ့။ 'ဆေးလ်ဗားကတော့ ဘယ်ဟာကိုမှ သံယောဇဉ် မထားဘူး။ သူ့ဝေဒနာကိုပဲ သံယောဇဉ်ရှိတယ်' လို့ ဟာဗီးယားက ပြောပါတယ်။

mgyoe.com



mgyoe.com SAMPLE BOOK

# ဟော်လီဘယ်ရီ
# Halle Berry

ဟော်လီဘယ်ရီက အသက် ၁၉ နှစ်အရွယ် (၁၉၈၆ ခုနှစ်) မှာ အိုဟိုင်းယိုးပြည်နယ်က အလှဘုရင်မဘွဲ့ ရရှိကတည်းက ဆုလက်ခံပြီး ကျေးဇူးတင်စကားလေ့ကျင်ခဲ့သူ ဖြစ်ပါတယ်။

'ကျွန်မကတော့ မိန်းမတွေအတွက် သက်သက် မဟုတ်ဘဲ အမေရိကန်ပြည်သူ အားလုံးအတွက် အင်မတန် အပြုသဘောဆောင်တဲ့ စံပြပုဂ္ဂိုလ်တစ်ဦး ဖြစ်ချင်ပါတယ်။ သူတို့ဟာ ဘာလူမျိုးဖြစ်ဖြစ်၊ ဘယ်လို အသားအရောင် ရှိရှိ၊ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ဘယ်ဘာသာပဲ ကိုးကွယ်သည်ဖြစ်စေ ကိုယ်ဖြစ်ချင်တာ ဖြစ်လာနိုင်တယ်ဆိုတာ ကျွန်မကိုကြည့်ပြီး သင်ခန်းစာယူဖို့ ကျွန်မ မျှော်လင့်ပါတယ်'လို့ သူမက အဲဒီတုန်းက ပြောခဲ့ပါတယ်။

နောက် ၂၇ နှစ်အကြာ ယခု အသက် ၄၆ နှစ်ရှိတဲ့ ဟော်လီဟာ အမေရိကန်ပြည်သူတွေအားကျ အတုယူစရာကောင်းသူ ဖြစ်နေတုန်းပါပဲ။

သူမဟာ မနှစ်က Cloud Atlas ဇာတ်ကားမှာ စရိုက် ၆ မျိုး သရုပ်ဆောင်ခဲ့ပြီး ယခုနှစ် The Call မှာ အရေးပေါ်ဌာန ၉၁၁ က ဖုန်းအော်ပရေတာအဖြစ် သရုပ်ဆောင်ကာ စတုတ္ထမြောက် X-men ဇာတ်ကားဖြစ်တဲ့ X-men : Days of Future Past မှာ သူမရဲ့ ဇာတ်ကောင် Storm အဖြစ် ကိုယ်ဝန်ရှိခါစမှာ သရုပ်ဆောင်ခဲ့ပါတယ်။ (သူ့ရင်သွေးရဲ့ ဖခင်က ပြင်သစ်မင်းသား အော်လီဗီယာ မာတင်နက်ဇ် ဖြစ်ပါတယ်)

သူမဟာ ၂၀၀၁ ခုနှစ်က Monster's Ball ဇာတ်ကားအတွက် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင် အော်စကာဆု ဆွတ်ခူးခဲ့ပါတယ်။

စိတ်ကုထုံး သူနာပြုဆရာမနှင့် ဘတ်စ်ကားယာဉ်မောင်းတို့ရဲ့ သမီးဖြစ်သူ ဟော်လီဟာ မိဘတွေ အိမ်ထောင်ကွဲသွားပြီး နောက်ပိုင်းမှာ ကျော်ကြားသူဖြစ်ဖို့ စိတ်ကူးယဉ်ရင်း အိုဟိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ယိုးပြည်နယ်။ ကလိဗ်လင်းမြို့မှာ ကြီးပြင်းခဲ့ပါတယ်။ မစ္စအိုဟိုင်းယိုးပြိုင်ပွဲမှာ ပထမဆု၊ မစ္စယူအက်စ်အေပြိုင်ပွဲမှာ ဒုတိယဆု ရပြီးနောက် မော်ဒယ်လ်လုပ်ခဲ့ပါတယ်။ အသက် ၂၀ ကျော်ခါစမှာ သရုပ်ဆောင်လုပ်ဖို့ နယူးယောက်မြို့ကို ပြောင်းရွှေ့ အခြေချပေမဲ့ မင်းသမီးအဖြစ် အရွေးမခံရခင်အထိ အိမ်ရာမဲ့များ စောင့်ရှောက်ရေး ဂေဟာတစ်ခုမှာ နေထိုင်ခဲ့ရပါတယ်။ ၁၉၉၁ ခုနှစ်က Jungle Fever ဇာတ်ကားမှာ ပါဝင်တော့ သူမကို ဟောလိဝုဒ်က သတိထားမိပြီး နောက် ၁၀ နှစ်တာအတွင်းမှာ ကောင်းတဲ့ ဇာတ်ကားရော၊ ညံ့တဲ့ ဇာတ်ကားတွေမှာပါ သူမ သရုပ်ဆောင်ခဲ့ရပါတယ်။ ဟော်လီဟာ Monster's Ball (၂၀၁၀) ဇာတ်ကားဖြင့် အော်စကာဆု ရခဲ့သလို ဂျိမ်းစ်ဘွန်းဇာတ်ကား Die Another Day (၂၀၀၂) နှင့် X-Men (၂၀၀၀) ဇာတ်ကားတို့မှာ ပါဝင်ခြင်း ကြောင့် သူမဟာ ကမ္ဘာကျော်မင်းသမီးတစ်လက် ဖြစ်လာခဲ့ပါတယ်။ ဟော်လီကို Total Film မဂ္ဂဇင်းမှ ပေါလ်ဘရက်ဒ်ရှောက တွေ့ဆုံ မေး မြန်းထားပုံကို ကောက်နုတ်ဖော်ပြရမယ်ဆိုရင် ...။

*

**မေး** The Call ဇာတ်ကားမှာ ခင်ဗျားက အရေးပေါ်ဌာနက ဖုန်းအော်ပရေတာ တစ်ယောက်အဖြစ် သရုပ်ဆောင်ပြီး ဖိစီးမှုသိပ်များတဲ့ အခြေအနေကို ရင်ဆိုင်ရတယ်နော်။ အဲဒီလို သရုပ်ဆောင်ရတာ တကယ်ပဲ ဖိစီးမှုရှိသလား။

**ဖြေ** တစ်ခါတလေ ရှိပါတယ်။ အဲဒီဇာတ်ကားကို ကျွန်မတို့ ၂၁ ရက်နှင့် အပြီး ရိုက်ကူးတာကြောင့် ရှုတင်ရက်တိုင်းဟာ ခံစားချက်တွေ၊ တင်းမာမှုတွေနှင့် အပြည့်ပါပဲ။ ရိုက်ကွင်းမှာ ကျွန်မ ထိခိုက်ဒဏ်ရာ ရခဲ့သေးတယ်ရှင့်။

**မေး** အဲဒီတော့ ၉၁၁ ကို တစ်ယောက်ယောက်က ဖုန်းဆက်ပေးသလား



mgyoe.com

mgyoe.com SAMPLE BOOK

**ဖြေ** (ရယ်၍) ဖုန်းဆက်တာပေါ့။ ဇာတ်ဝင်ခန်းမှာ လူကြမ်းက ကျွန်မ ခေါင်းကို မတော်တဆ အင်္ဂတေနှင့် ဆောင့်ပစ်မိလို့။ သူ အချိန်အဆ လွဲသွားတာပါ။ ကျွန်မ ဆေးရုံရောက်သွားပေမဲ့ နောက်နေ့ကျ ရိုက်ကွင်းကို ပြန်လာနိုင်တယ်။

**မေး** ဒီဇာတ်လမ်းရိုက်ဖို့ ကြိုတင် ပြင်ဆင်တုန်းက တကယ့် အရေးပေါ် အော်ပရေတာအဖွဲ့ တစ်ဖွဲ့ဆီမှာ ခင်ဗျား အနီးကပ် လေ့လာခဲ့သေးသလား။

**ဖြေ** လေ့လာတာပေါ့။ ဇာတ်ကောင်တွေအတွက် သုတေသန လုပ်ရတာက သာမန်အခြေအနေအရ ကျွန်မ သွားခွင့်မရတဲ့နေရာတွေ သွားကြည့်ပြီး လေ့လာခွင့် ရလို့ သရုပ်ဆောင်အလုပ်ရဲ့ အကောင်းဆုံး အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။

**မေး** စိတ်ဖိစီးမှုကို တကယ်ရင်ဆိုင် ခံစားရတဲ့အခါ ခင်ဗျား ဘယ်လို ဖြေရှင်းသလဲ။

**ဖြေ** ကျွန်မ ဈေးလျှောက်ဝယ်တယ်လေ။ နောက်တာပါ။ ကျွန်မ ၁၀ နှစ်သမီးအရွယ်ကတည်းက စိတ်ကုထုံးဆရာဝန်နှင့် ပြခဲ့ရပါတယ်။ အဖေက အရက်သမားဖြစ်ပြီး သူ့မယားကို နှိပ်စက်တတ်လို့ အမေက ကျွန်မကို စိတ်ရောဂါကုဆရာဝန်ဆီ ပို့ပေးလေ့ရှိတယ်။ ကျွန်မ ကမ္မဋ္ဌာန်းလည်း အများကြီး ထိုင်ဖြစ်ပါတယ်။

**မေး** မော်ဒယ်လ်အလုပ်ကို စွန့်လွှတ်ပြီး အိမ်ရာမဲ့ဂေဟာမှာ နေထိုင်ရင်း မင်းသမီး ရွေးပွဲတွေ ဝင်လျှောက်ရတဲ့ အချိန်တုန်းက ခင်ဗျားမှာ ဘယ်လိုရည်မှန်းချက်တွေ ရှိသလဲ။

**ဖြေ** လူတိုင်းဟာ တစ်နေရာရာက စပြီး လုပ်ရတယ်လို့ ထင်ပါတယ်။

**မေး** ခင်ဗျားဟာ ရုပ်ရှင်မင်းသမီး ဖြစ်ကတည်းက ပုံသေစရိုက် သတ်မှတ်ခံရအောင် ရှောင်



နိုင်ခဲ့တယ်။ အဲဒီဟာ ခက်ခဲသလား။

**ဖြေ** ကျွန်မရဲ့ ပထမဆုံး ဇာတ်ကား Jungle Fever မှာ ကျွန်မက မူးယစ်ဆေးစွဲသူအဖြစ် သရုပ်ဆောင်ခဲ့ရပါတယ်။ သက်သေပြဖို့ လိုအပ်မှန်း အစကတည်းက သိခဲ့တယ်။ Jungle Fever ရဲ့ ဒါရိုက်တာ စပိုက်ခ်လီက အဲဒီ ဇာတ်ရုပ်အတွက် သူ့ကို ကျေးဇူးတင်ရမှာပါ။

**မေး** ၂၀၀၀ ပြည့်နှစ်က X-Men ဇာတ်ကားမှာ စတင် ပါဝင်တော့ ခင်ဗျားရဲ့အလုပ်အပေါ် အဲဒီဇာတ်ကားက သက်ရောက်မှု ဘယ်လောက်ရှိမလဲဆိုတာ ရိပ်မိသလား။

**ဖြေ** လုံးဝ မရိပ်မိဘူး။ အဲဒီတုန်းက ခြားနားတာ တစ်ခုခု လုပ်ခွင့်ရတယ်ဆိုပြီး ရိုက်လိုက်တာ။ X-Men က အဲဒီတုန်းက အားလုံး အသစ်အဆန်း တစ်ခု ဖြစ်တယ်။ လူကြိုက်များတဲ့ ရုပ်ပြဇာတ်လမ်း တစ်ပုဒ်မှန်း၊ အသက်အရွယ်

mgyoe.com


mgyoe.com SAMPLE BOOK

မရွေး အဲဒီဇာတ်ကောင်တွေကို ကြိုက်ကြမှန်း ကျွန်မ သိတယ်။

**မေး** ဒါရိုက်တာ ဘရိုင်ယန်ဆင်းဂါးရဲ့ X-Men နှင့် ဒါရိုက်တာ ဘရက် ရက်တ်နာရဲ့ X-Men ဇာတ်ကားတွေမှာ သရုပ်ဆောင်ရတဲ့ အတွေ့အကြုံချင်း ဘာကွာသလဲ။

**ဖြေ** သူတို့က ပန်းသီးနှင့် လိမ္မော်သီးတွေလိုပါပဲ။ တစ်ယောက် တစ်မျိုးစီပေါ့။ သူတို့ အလုပ်လုပ်ပုံက ခြားနားတယ်။ တစ်ယောက်က ပိုတော်တယ်၊ တစ်ယောက်က ပိုညံ့တယ်တော့ မဟုတ်ဘူး။ Days of Future Past မှာ မူလ ပထမ ဒါရိုက်တာ ဘရိုင်ယင် ဆင်းဂါးနှင့် ပြန်လည် လက်တွဲရလို့ ကျွန်မ အရမ်းပျော်တယ်။

**မေး** ဒါရိုက်တာ ဆင်းဂါးက ဒီကားဟာ သူ့ရဲ့ အကြီးကျယ်ဆုံး ဇာတ်ကားလို့ ပြောထားတယ်။ X-Men ဇာတ်ကားတွဲတွေထဲမှာ တကယ့် အကြီးကျယ်ဆုံး ဇာတ်ကားနှင့် တူတယ်လို့ ခင်ဗျား အောက်မေ့သလား။



**ဖြေ** ကြီးကျယ်တယ်လို့ ထင်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီဇာတ်ကားထဲမှာ လူငယ် X-Men ရော၊ မူလ လက်ဟောင်း X-Men တွေပါ X-Men အများကြီး ပါတယ်လေ။ ဇာတ်လမ်း ကျောရိုးကလည်း ကြီးကျယ်ပါတယ်။

**မေး** ကြီးမားတဲ့ ဆက်တင်ကြီးတစ်ခုမှာ ခင်ဗျား ပါဝင်ရသေးလား။

**ဖြေ** X-Men အားလုံး ပါဝင်တယ် ဆိုမှတော့ ဆက်တင်အားလုံးလည်း ကြီးကျယ်ပြီပေါ့။

**မေး** ပထမဆုံး X-Men ဇာတ်ကားတွေ ရိုက်ပြီးတော့ ခင်ဗျားက ခြားနားတဲ့ စိန်ခေါ်မှုဖြစ်တဲ့ Monster's Ball ကို ရိုက်ကူးတယ်။ အဲဒီ စိန်ခေါ်မှုက ခင်ဗျားကို ဆွဲဆောင်တာလား။

**ဖြေ** မှန်ပါတယ်။ Monster's Ball ဟာ စရိတ်နည်းနည်းနှင့် ခပ်သွက်သွက် ရိုက်လိုက်တဲ့ ဇာတ်ကားလေးပါ။ တစ်သီးပုဂ္ဂလ ရုပ်ရှင်ကုမ္ပဏီက ထုတ်တဲ့ ဇာတ်ကားပေါ့။ အဲဒီဇာတ်ကားမှာ ကျွန်မ လုံးဝ မကြုံဖူးတဲ့ လွတ်လပ်မှု တစ်မျိုး လိုအပ်တာကြောင့် ကျွန်မ ထိတ်လန့်ခဲ့တယ်။

**မေး** Monster's Ball ထဲက ချစ်ဖျူဟာခင်းခန်းက Swordfish (၂၀၀၁) ဇာတ်ကားထဲမှာ ခင်ဗျား လုပ်ခဲ့သမျှနှင့် အတော်ခြားနားလို့ ခင်ဗျား အဲဒီအခန်း သရုပ်ဆောင်ရတာ တုန်လှုပ်မိသလား။

**ဖြေ** မတုန်လှုပ်ပါဘူး။ Swordfish ဇာတ်ကားကို ကျွန်မ အရင် မ ရိုက် ဖြစ် ခဲ့ ရင် တော့ Monster's Ball ထဲက အဲဒီအခန်း ရိုက်ရတာ အဆင်ပြေမှာ မဟုတ်ဘူး။ ကျွန်မ ကြောက်စိတ်တွေ ပျောက်သွားပြီမို့ သက်သောင့်သက်သာ ရှိတယ်။ တွဲဖက်မင်းသား ဘီလီဘော့သော်တွန်နှင့် ကျွန်မ အဲဒီအခန်းကို တစ်ခေါက်တည်းနှင့်

mgyoe.com SAMPLE BOOK



ပြတ်အောင် ရိုက်ပေးကြတယ်။

**မေး** အဲဒီဇာတ်ကားအတွက် ခင်ဗျား အော်စကာဆု ရခဲ့တယ်နော်။ အော်စကာပွဲမှာ ခင်ဗျားနာမည် ကြေညာလိုက်တုန်းက အမှတ်တရ အခိုက်အတန့်ကို ပြောပြပါဦး။

**ဖြေ** ကျွန်မ အရမ်း အံ့သြ တုန်လှုပ်သွားလို့ ဘာမှကို မသိတော့ဘူး။ ဘာမှလည်း မမှတ်မိတော့ဘူး။ အော်စကာပွဲ မှတ်တမ်းဗီဒီယိုကို ပြန်ကြည့်တော့မှပဲ ဘာတွေဖြစ်မှန်း၊ ကျွန်မ ဘာလုပ်လို့ ဘာတွေပြောမှန်းသိရတယ်။ ကျွန်မ ဆုရမယ်လို့လည်း လုံးဝ မထင်ပါဘူး။ အော်စကာပွဲ သွားတက်ရလို့ ပျော်နေတာပဲ သိတယ်။

**မေး** ဂျိမ်းစ်ဘွန်းဇာတ်ကား Die Another Day မှာ ခင်ဗျား ဘီကီနီဝတ်စုံ ဝတ်ပြီး ပင်လယ်ထဲကနေ ကုန်းပေါ်တက်လာတဲ့ အခန်းဟာ ဂန္ထဝင် ဘွန်းမင်းသမီး ဇာတ်ဝင်ခန်း ဖြစ်သွားတယ်နော်။

**ဖြေ** အဲဒီနေ့က ပင်လယ်ရေက အရမ်းအေးစက်နေတယ်။ အဲဒီအခန်းကို ကျွန်မ အခေါက်ခေါက် အခါခါ ပြန်ရိုက်ရတယ်။ ရေထဲ ဆင်းလိုက်၊ ကုန်းပေါ် တက်လိုက် လုပ်ရတယ်။ ကျွန်မ လမ်းလျှောက်ပုံကို ညို့အား ပိုပြင်းအောင် လျှောက်ပြဖို့ ဒါရိုက်တာက ပြောတယ်။ ဒီ့ထက် ပိုလုပ်ရရင် ကျွန်မ ခါးအဆစ် လွဲလိမ့်မယ်လို့ ကျွန်မ ပြန်ပြောခဲ့ရတယ်။

**မေး** X-Men 2 နှင့် X-Men : The Last Stand ဇာတ်ကား နှစ်ကားကြားမှာ Cat woman ဇာတ်ကားကို ခင်ဗျား ရိုက်တာ နှပ်ပစ်ခံရတယ်။ ဝင်ငွေကလည်း မကောင်းဘူး။ အဲဒီအတွက် နောင်တ ရသလား။

**ဖြေ** ဟင့်အင်း။ ကျွန်မ ဘယ်တော့မှ နောင်တ မရတတ်ဘူး။ ဘယ်မင်းသား၊ မင်းသမီးမှ ညံ့တဲ့ဇာတ်ကား မရိုက်ချင်ကြဘူး။ အဲဒါ ဘယ်သူ့ ရည်မှန်းချက်ပန်းတိုင်မှ မဟုတ်ဘူး။ ဒါပေမဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ရယ်စရာကောင်းတဲ့ အချက်က အဲဒီဇာတ်ကားကို လူအတော်များများက ဝိုင်းဆဲပေမဲ့ လူအတော်များများကလည်း 'အဲဒီကားကို ကျွန်တော်၊ ကျွန်မ ကြိုက်တယ်'လို့ ကျွန်မကို လာလာပြောကြတာပဲ'

**မေး** ခင်ဗျား ရုပ်ရှင် သရုပ်ဆောင် စလုပ်ပြီးနောက်ပိုင်း ဟောလိဝုဒ်မှာ အခြေအနေတွေ ဘယ်လို ပြောင်းလဲခဲ့သလဲ။ အခုအချိန်မှာ အာဖရိက–အမေရိကန် (လူမည်း) အမျိုးသမီးတွေအတွက် ပိုကောင်းတဲ့ ဇာတ်ရုပ်တွေ ရှိနေပြီလား။

**ဖြေ** ကျွန်မတို့လို အာဖရိက–အမေရိကန် လူမည်း၊ အာရှနှင့် လက်တင်အမေရိကန် အမျိုးသမီးတွေ အားလုံးဟာ ဇာတ်ရုပ်ကောင်းကောင်းရဖို့ တိုက်ပွဲဝင်ဖို့ လိုမယ် ထင်ပါတယ်။ အဲဒါတော့ သိပ်မပြောင်းလဲဘူးလို့ ကျွန်မ ထင်ပါတယ်။ ၁၉၄၀ ပြည့်နှစ်နှင့် ၁၉၅၀ ပြည့်နှစ်တွေတုန်းက မင်းသမီးတွေဟာ သိပ်ဟောင်းတဲ့ ဇာတ်ရုပ်တွေ သရုပ်ဆောင်ခွင့် ရခဲ့ကြတယ်။ ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၇၀ ပြည့်နှစ်တွေမှာ ပြောင်းလဲစ ပြုတယ်။ ၁၉၈၀၊ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၀၀ ပြည့်နှစ်တွေမှာ မိန်းမတွေ သရုပ်ဆောင်ဖို့ ဇာတ်ရုပ်ကောင်းကောင်း ရှားပါးလာတယ်။ ကျွန်မတို့ အားလုံး တိုက်ပွဲဝင်နေရပါတယ်။

**မေး** ပြောင်းလဲမှု အားလုံးဟာ အဆိုးချည်းပဲ မဟုတ်ပါဘူး။ X-Men ထဲက ဇာတ်ကောင် Storm အဖြစ် ခင်ဗျား နောက်ထပ် သရုပ်ဆောင်ခွင့် ရပါဦးမလားလို့ ခင်ဗျား တွေးမိသလား။

**ဖြေ** မိန်းမတွေရဲ့သဘောထားက အဲဒါကို ပြောင်းလဲစေခဲ့တယ်လို့ ကျွန်မ ထင်ပါတယ်။ မိန်းမတွေက သူတို့ အသက် ၄၀ ပြည့်ရင် လုပ်စားလို့ မရတော့ဘူးလို့ ထင်မှတ်ကြတယ်။ ကျွန်မတို့ လုပ်ရတဲ့ ဇာတ်ရုပ်တွေက အခု ပိုကောင်းလာတယ်လို့ မထင်ပေမဲ့ ကျွန်မတို့ရဲ့ စိတ်နေစိတ်ထားက ပြောင်းလဲသွားပြီ။ မယ်ရီးလ် စထရိပ်ကို ကြည့်။ သူ ငယ်ငယ်တုန်းကထက် သူ့အသက် ၅၀၊ ၆၀ ကျော် အရွယ်မှာ ဇာတ်ကားတွေ ပိုရိုက်ကူးခဲ့ရတယ်။ (ပြုံး၍) အခြေအနေတွေက အများကြီး ပြောင်းလဲသွားပါပြီ။

*အပျိုစင် မဂ္ဂဇင်း*
*အောက်တိုဘာ၊ ၂၀၁၃။*

## ဟော်လီဘယ်ရီရဲ့ အထူးခြားဆုံး ဇာတ်ကား ၅ ကား

### Die Another Day (2002)

ဂျိမ်းစ်ဘွန်း ဇာတ်ကား အမှတ် ၂၀ ဖြစ်တဲ့ ဒီဇာတ်ကားမှာ ဟော်လီက မိန်းမကြမ်းလေး Jinx အဖြစ် သရုပ်ဆောင်ရပါတယ်။ သတ်ပုတ်ခန်းတွေ၊ မြူဆွယ်ခန်းတွေနှင့် ဘီကီနီ ဝတ်ပြီး ရေထဲကတက်လာတဲ့ အခန်းတွေကို သူမ အပီအပြင် သရုပ်ဆောင်ပြခဲ့တယ်။



mgyoe.com SAMPLE BOOK

**Things We Lost in the Fire (2007)**

Catwoman ဇာတ်ကားအတွက် Razzie ဆုပေးပွဲမှာ အညံ့ဆုံး မင်းသမီးဆုကို လက်ခံပြီးနောက် ဒါရိုက်တာ ဆူဆန်ဘိုင်းယားရဲ့ ဒီဇာတ်ကားမှာ ကွယ်လွန်သူ မိမိ ခင်ပွန်းသည်ရဲ့ သူငယ်ချင်း မူးယစ်ဆေးစွဲသူ အမျိုးသားကို မိတ်ဖွဲ့မိတဲ့ ကလေးအမေတစ်ဦးအဖြစ် သူမ သရုပ်ဆောင်ထားပါတယ်။








**X-Men (2000)**

Speed ဇာတ်ကားကို သူမ ငြင်းဆိုခဲ့ပေမဲ့ အဖြူရောင် ဆံပင်တုကြီး စွပ်ပြီး လူစွမ်းကောင်းမလေး Storm အဖြစ် သူမ သရုပ်ဆောင်တော့ အောင်မြင်မှုရခဲ့ပါတယ်။ X-Men 2 နှင့် X-Men : The Last Stand ဇာတ်ကားတွေမှာလည်း ဆက်လက် ပါဝင်ပါတယ်။

**Monster's Ball (2001)**

ထောင်ကျနေတဲ့ ခင်ပွန်းသည်ကို ကွပ်မျက်မယ့်လူနှင့် ငြိစွန်းမိတဲ့ ဘဝကြမ်းတဲ့ ကလေးအမေအဖြစ် သရုပ်ဆောင်ရာမှာ ပီပြင်လို့ သူမ အော်စကာဆုရခဲ့ပါတယ်။ မင်းသား ဘီလီဘော့သော်တွန်နှင့် သူမရဲ့ ချစ်ဇာတ်ခန်းဟာ အထူးလူပြောများခဲ့တယ်။







**Jungle Fever (1991)**

မော်ဒယ်လ်အလုပ်ကို စွန့်လွှတ်ပြီးနောက်ပိုင်း ဟော်လီရဲ့ ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ နာမည်ကျော်လူမည်းသရုပ်ဆောင် အများကြီးပါဝင်တဲ့ ဒီဇာတ်ကားမှာ ဟော်လီက မူးယစ်ဆေးစွဲနေတဲ့ ဗစ် (ဗီဗီယံ) အဖြစ် သရုပ်ဆောင်ထားပါတယ်။

mgyoe.com



# ကိတ် ဘလန်းရှက်
# Cate Blanchett

ဩစတြေးလျ ဇာတိ ကိတ်ဘလန်းရှက် (Cate Blanchett) ဟာ မာတင်စကောစေးစေး၊ စတီဗင် စပီးလ်ဘာ့ဂ်နှင့် စတီဗင် ဆိုးဒါဘာ့ဂ် စတဲ့ ကမ္ဘာကျော် ဟောလိဝုဒ် ရုပ်ရှင်ဒါရိုက်တာကြီးတွေရဲ့ ဝင်ငွေကောင်းတဲ့ တန်းမြင့်ဇာတ်ကားကြီးတွေမှာ သရုပ်ဆောင်ခဲ့တဲ့ မင်းသမီးတစ်ဦးဖြစ်ပါတယ်။ သူမဟာ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လဆန်းက ဒါရိုက်တာ၊ ဇာတ်ညွှန်းဆရာ ဝူဒီအယ်လင်ရဲ့ ဒရာမာ ဇာတ်ကားသစ် Blue Jasmine မှာ မြာပွေပြီး စီးပွားပျက်တဲ့ ခင်ပွန်းကြောင့် မွဲပြာကျကာ ညီမအိမ်မှာ သွားခိုလှုံရတဲ့ နယူးယောက်မြို့က သူဌေးကတော်တစ်ယောက်အဖြစ် သရုပ်ဆောင်ထားရာ ၂၀၁၄ ခုနှစ် ကျင်းပမယ့် အော်စကာ ဆုနှင်းသဘင်အတွက် အော်စကာဆု လျာထားခံရမယ်လို့ သတင်းပြေးနေပါတယ်။ ကိတ်ဟာ ဝူဒီရဲ့ ဇာတ်ကားမှာ ယခု ပထမဆုံးအကြိမ် သရုပ်ဆောင်တာဖြစ်ပြီး အဲဒီဇာတ်ကားကလည်း ၁၉၈၉ ခုနှစ်က Crimes and Misdemeanours ဇာတ်ကား နောက်ပိုင်း ဝူဒီရဲ့ အကောင်းဆုံးလက်ရာလို့ ချီးမွမ်းသံတွေကြားရပါတယ်။ ကိတ်ဟာ ၂၀၀၄ ခုနှစ်က ဒါရိုက်တာ စကောစေးစေးရဲ့ ဒရာမာ အတ္ထုပ္ပတ္တိ ဇာတ်ကား The Aviator မှာ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆု (အော်စကာဆု) ရရှိခဲ့ဖူးပါတယ်။ အဲဒီဇာတ်ကား မတိုင်ခင်က သူမရဲ့ အထင်ရှားဆုံး ဇာတ်ကားက ဒါရိုက်တာ ရှက်ခါး ကပူးရ်ရဲ့ Elizabeth-I ဖြစ်ပါတယ်။ ကိတ်ဟာ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတွေမှာ ရုပ်ရှင်တွေ အဓိက ရိုက်ကူးနေပေမဲ့ ဩစတြေးလျမှာ ပိုပြီး နေထိုင်ချင်သူဖြစ်ပါတယ်။

သူမဟာ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီ အမျိုးသား သဘင် အနုပညာ တက္ကသိုလ် တက်ခဲ့ပြီး ၂၀၀၈ မှ ၂၀၁၃ ခုနှစ်အထိ အိမ်ထောင်သက် ၁၅ နှစ် ရှိတဲ့ သူမ ခင်ပွန်း ပြဇာတ်ဆရာ အင်ဒရူး

mgyoe.com SAMPLE BOOK

အပွတာန်နှင့်အတူ ဆစ်ဒနီ ပြဇာတ်အဖွဲ့ကြီးကို အုပ်ချုပ်ခဲ့ပါတယ်။

အဲဒီ ပြဇာတ်အဖွဲ့ကြီးရဲ့ ပြဇာတ်တစ်ပုဒ်ဖြစ်တဲ့ The Maids မှာ ပါဝင်ကပြခဲ့သေးတဲ့ ကိတ် (၄၄ နှစ်) ဟာ မိုးရွာတုန်း ရေခံသလို ရုပ်ရှင်တွေ ဆက်တိုက် ရိုက်ကူးလျက်ရှိပါတယ်။ ဒါရိုက်တာ ပီတာဂျက်ဆန်ရဲ့ ဒုတိယမြောက် The Hobbit ဇာတ်ကား Desolation of Smaug မှာ နတ်သူငယ်ခေါင်းဆောင် ဂါလာဒရီးလ်အဖြစ် သူမ ပြန်လည် သရုပ်ဆောင်ထားပြီး ဂီတလောက နောက်ခံ ဒရာမာဇာတ်ကား Knight of Cups အပါအဝင် ဒါရိုက်တာ တဲရင့်စ် အဲလစ်ခ်ရဲ့ ဇာတ်ကားနှစ်ကားကို လက်ခံထားပါတယ်။ ရုပ်ချောသား ဂျော့ကလူးနီး သရုပ်ဆောင် ဒါရိုက်တာအဖြစ် ရိုက်ကူးတဲ့ ဒုတိယကမ္ဘာစစ် နောက်ခံ ဇာတ်ကား The Monuments Men မှာလည်း သူမက ကလူးနီးနှင့် ဒုတိယအကြိမ် တွဲဖက် သရုပ်ဆောင်ထားပါတယ်။ (၂၀၀၆ ခုနှစ်က ၎င်းတို့နှစ်ဦး ပထမအကြိမ် တွဲဖက် သရုပ်ဆောင်ထားတဲ့ ဇာတ်ကားက ဒါရိုက်တာ ဆိုဒါဘာ့ဂ် ရိုက်တဲ့ The Good German ပါ)

အသက် ၁၂ နှစ်လောက်အရွယ် သားသုံးယောက်ရဲ့ မိခင်ဖြစ်သူ ကိတ်ဟာ သရုပ်ဆောင်ပညာ ကျွမ်းကျင်သလို အလုပ်အချိန်ဇယား ရေးဆွဲရာမှာလည်း ပိုင်နိုင်လှပါတယ်။ ၂၀၁၄ ခုနှစ်အတွင်း ရုံတင်မယ့် Blackbird's Carol နှင့် Cinderella ဇာတ်ကားတွေကိုလည်း ရိုက်ကူးလျက်ရှိတဲ့ ကိတ်ဟာ ဒါရိုက်တာလုပ်ဖို့တောင် စိတ်ကူးသေးသတဲ့။

'ကျွန်မကိုယ်တိုင် ဒါရိုက်တာ လုပ်မယ်ဆိုရင် သင့်တော်တဲ့ ဇာတ်လမ်းကောင်းတစ်ပုဒ်တော့ ရမှ ဖြစ်မယ်'လို့ ကိတ်က ပြောပါတယ်။


ကိတ်ဘလန်းရှက်နှင့် Total Film မဂ္ဂဇင်းမှ ဆောင်းပါးရှင် ဂျိမ်းစ်မော့ထရမ်တို့ရဲ့ အင်တာဗျူးကို ပြည်ပ ရုပ်ရှင်ချစ်သူတွေအတွက် ကောက်နုတ် ဖော်ပြပေးလိုက်ပါတယ်။

*

**မေး** Blue Jasmine ဇာတ်ကားမှာ သရုပ်ဆောင်ဖို့ ဝူဒီအယ်လင်က ခင်ဗျားဆီ ဖုန်းဆက်ကမ်းလှမ်းတုန်းက ဘယ်လို ခံစားရသလဲ။

**ဖြေ** ဝူဒီအယ်လင်က သရုပ်ဆောင်တစ်ယောက်ကို ဖုန်းဆက်ခေါ်တဲ့အခါ အဲဒီ သရုပ်ဆောင်က ဇာတ်ညွှန်း မဖတ်ရခင်မှာပဲ သူ့ဇာတ်ကားကို လက်ခံတယ်လို့ ပြန်ပြောရစမြဲပါပဲ။ သူ ပို့ပေးတဲ့ Blue Jasmine ဇာတ်ညွှန်းဟာ အရမ်းကောင်းပါတယ်။ အံ့အားသင့်စရာ အလှည့်အပတ်ကလေးတွေ အများကြီး ပါတယ်။ ဇာတ်ကောင်တွေကို ဖန်တီးထားပုံကလည်း အတော် မိုက်တယ်။

**မေး** ဝူဒီအယ်လင်နှင့် အလုပ်လုပ်ရတာ ဘယ်လိုနေသလဲ။



mgyoe.com